**အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း**

# အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)**

**၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်**

**(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) အမြတ်ခွန်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက်မှစ၍ အာဏာတည်စေ ရမည်။

၃။ (က) ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်အတွက်မှစ၍ အမြတ်ခွန်ဥပဒေအရ စည်းကြပ်ရန် ကိစ္စရပ်များကို ဝင်ငွေခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင်အခွန်ထမ်းက အမြတ်ခွန်ဥပဒေပုဒ်မ ၁၂ အရ ပေးသွင်းထားသော အခွန်ကို ခုနှိမ်ပေးရမည်။

၄။ ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်မတိုင်မီက အမြတ်ခွန်ဥပဒေအရ စည်းကြပ်ရန် ကိစ္စရပ်များနှင့် ဆောင်ရွက်ဆဲ ကိစ္စရပ်များကို အမြတ်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက် ဆောင်ရွက်ရမည်။

၅။ အမြတ်ခွန်ဥပဒေပုဒ်မ ၁၉ အရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များသည် ဝင်ငွေခွန် ဥပဒေအရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များအဖြစ် ဆက်လက် အကျိုးသက်ရောက် စေရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**